လွတ်လပ်သောမြန်မာသတင်းမီဒီယာကောင်စီ
Independent Press Council Myanmar (IPCM)
(Email: info@ipcmyanmar.org)

# ဖမ်းဆီးထိန်းသိမ်းခံထားရဆဲ သတင်းမီဒီယာသမားများနှင့်သက်ဆိုင်သော လွတ်လပ်သော မြန်မာသတင်းမီဒီယာကောင်စီ (IPCM) ၏ ဖော်ပြချက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ(၁)ရက် မှ ၂၀၂၅ ခုနှစ် မေလ (၃)ရက်နေ့ အထိ မတရားဖိနှိပ် ဖမ်းဆီးခံခဲ့ရသူများအနက် ယနေ့အထိ အကျဉ်းချခံထားရဆဲ သတင်းမီဒီယာသမား (၄၀)ဦးတိတိရှိပြီး အမျိုးသား (၃၃) ဦး နှင့် အမျိုးသမီး (၇) ဦး ပါဝင်သည်။ ဖော်ပြပါ ကာလအတွင်း သတင်းမီဒီယာ လုပ်ငန်းခွင်အတွင်း သေဆုံးခဲ့ရသူ (၇)ဦး တိတိ ရှိခဲ့သည်။

လွတ်လပ်သော မြန်မာသတင်းမီဒီယာ ကောင်စီ (IPCM) ၏ပြုစုထားသော စာရင်းများအရ အောက်ဖော်ပြပါ အကျဉ်းချခံထားရဆဲ သတင်းမီဒီယာသမားအရေအတွက်၊ သေဆုံးခဲ့သူ အရေအတွက် နှင့် အကြောင်းအရင်း နှင့် အမြင့်ဆုံးပြစ်ဒဏ် ချမှတ်ခံထားရသူများ စာရင်းကို အတည်ပြုထုတ်ပြန် ပါသည်။

## ၂၀၂၅ ခုနှစ် မေလ(၃)ရက်နေ့အထိ အကျဉ်းချခံထားဆဲ သတင်းမီဒီယာသမားအရေအတွက်

| စဉ် | စုစုပေါင်းအရေအတွက် | အမျိုးသား | အမျိုးသမီး |
|---|---|---|---|
| ၁။ | ၄၀ | ၃၃ | ၇ |

## ၂၀၂၅ ခုနှစ် မေလ(၃)ရက်နေ့အထိ သေဆုံးခဲ့ရသူများနှင့်အကြောင်းအရင်း

| စဉ် | အမည် | သေဆုံးရသည့်အကြောင်း | သတင်းဌာန |
|---|---|---|---|
| ၁။ | ကိုစိုးနိုင် | အသံတိတ်သပိတ်သတင်းရယူစဉ် ဖမ်းဆီးခံရပြီး စစ်ကြောရေးတွင် သေဆုံးခဲ့သည်။ | အလွတ်တန်းဓာတ်ပုံ သတင်းထောက် |
| ၂။ | အေစိုင်းကေ (ခ) စိုင်းဝင်းအောင် | တိုက်ပွဲသတင်းရယူနေစဉ် စစ်ကောင်စီပစ်ခတ်သော လက်နက်ကြီးကျည်ထိမှန်၍ သေဆုံးခဲ့သည်။ | အယ်ဒီတာ၊ ဖက်ဒရယ်ဂျာနယ် |
| ၃။ | Pu Tuidim | စစ်မြေပြင်တွင် သတ်ဖြတ်ခံခဲ့ရ၍ သေဆုံးခဲ့သည်။ | အယ်ဒီတာချုပ်၊ တည်ထောင်သူ ခေါနုသုမ်သတင်းဌာန |

| | | | |
|---|---|---|---|
| ၄။ | ကိုလင်းလင်းထွန်း | သတင်းမီဒီယာသမားဖြစ်နေ၍သတ်ဖြတ်ခံခဲ့ရသည်။ | အလွတ်တန်းသတင်းထောက် |
| ၅။ | ဖိုးသီဟ (ခ) မြတ်သူထွန်း | အကျဉ်းထောင်မှထုတ်၍ သတ်ဖြတ်ခံခဲ့ရသည်။ | အလွတ်တန်းသတင်းထောက် |
| ၆။ | ထက်မြတ်သူ | စစ်ကောင်စီ၏ ဝင်ရောက်ဖမ်းဆီးပစ်ခတ်မှုတွင် အသတ်ခံခဲ့ရသည်။ | အလွတ်တန်းသတင်းထောက် |
| ၇။ | ဝင်းထွဋ်ဦး (ခ) ဖိုက်ဇယ် | စစ်ကောင်စီ၏ ဝင်ရောက်ဖမ်းဆီးပစ်ခတ်မှုတွင် အသတ်ခံခဲ့ရသည်။ | သတင်းထောက်၊ ဒီမိုဘီသတင်းဌာန |

## ၂၀၂၅ ခုနှစ် မေလ(၃)ရက်နေ့အထိ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခံထားရသူများ

| စဉ် | အမည် | တရားစွဲဆိုခံရသောအမှုများ | ချမှတ်ခံရသည့် ပြစ်ဒဏ် |
|---|---|---|---|
| ၁။ | ရှင်ဒေဝီ | အကြမ်းဖက်ပုဒ်မ - ၅၂ (ည) | ထောင်ဒဏ်တစ်သက် |
| ၂။ | စိုင်းဇော်သိုက် (ခ) စိုင်းဇော် | ၁၂၄၊ ၅၀၅ - က၊ ၆၆(ဃ)၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ - ၂၇ | ထောင်ဒဏ်(၂၀)နှစ် |
| ၃။ | အောင်ဆန်းဦး | အကြမ်းဖက်ပုဒ်မ - ၅၀ (က) | ထောင်ဒဏ်(၂၀)နှစ် |
| ၄။ | မျိုးမြင့်ဦး | အကြမ်းဖက်ပုဒ်မ - ၅၀ (ည)၊ ၅၂(က)(ခ) | ထောင်ဒဏ်တစ်သက် |
| ၅။ | ကိုမျိုးစံစိုး | အကြမ်းဖက်ပုဒ်မ - ၅၀ (ည) | ထောင်ဒဏ်(၁၅)နှစ် |
| ၆။ | မှူးရတနာခက်မို့မို့ထွန်း | ၅၀၅ - က၊ ၅၀(ည) | ထောင်ဒဏ်(၁၃)နှစ် |
| ၇။ | စည်သူအောင်မြင့် | ၅၀၅ - က၊ ၁၂၄ - က | ထောင်ဒဏ်(၁၂)နှစ် |
| ၈။ | ငြိမ်းချမ်းဝေ | ၅၀၅ - က၊ ၁၂၄(ဂ) | ထောင်ဒဏ်(၁၁)နှစ်(၃)လ |
| ၉။ | မဝေဝေလွင် | အကြမ်းဖက်ပုဒ်မ - ၅၀ (ည) | ထောင်ဒဏ်(၁၀)နှစ် |
| ၁၀။ | ကိုသူရိန်ကျော် | အကြမ်းဖက်ပုဒ်မ - ၄၉ (က) | ထောင်ဒဏ်(၁၀)နှစ် |
| ၁၁။ | ကိုခိုင်မြင့်ထွန်း (ခ) ရွှေလင်းသစ် | အကြမ်းဖက်ပုဒ်မ - ၅၁ (ဂ) | ထောင်ဒဏ်(၁၀)နှစ် |

လွတ်လပ်သောမြန်မာသတင်းမီဒီယာကောင်စီ
**Independent Press Council Myanmar (IPCM)**
(Email: info@ipcmyanmar.org)

**အသိပေးချက်**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မှ ၂၀၂၅ ခုနှစ် မေလ(၃)ရက်အထိ ဖမ်းဆီးခံရခြင်း၊ အကျဉ်းကျ ခံနေရခြင်း နှင့် သေဆုံး သူများစာရင်းကို လွတ်လပ်သော မြန်မာသတင်းမီဒီယာ ကောင်စီက စောင့်ကြည့်လေ့လာ၍ သတင်းမီဒီယာသမား သတ်မှတ်ချက်အပေါ်မူတည်၍ ကောက်ယူပြုစုထားခြင်းဖြစ်သည်။ သတင်း လက်လှမ်းမမီခြင်း၊ မသိရှိခြင်း၊ အချက်အလက်မခိုင်လုံခြင်း စသည့် အခြေအနေများကြောင့် ကောင်စီ၏ စာရင်းတွင် မပါဝင်သောအချက်အလက်များ ရှိနိုင်ပါသည်။

**အချက်အလက်ပေးပို့နိုင်ကြောင်း အသိပေးခြင်း**

သတင်းမီဒီယာသမားများ ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ အကျဉ်းချခံထားရခြင်း၊ အသက်ဆုံးရှုံးခြင်း စသည့် အခြေအနေအရပ်ရပ်များကို လွတ်လပ်သော မြန်မာသတင်းမီဒီယာကောင်စီ သို့ သတင်းပေးပို့ နိုင်ပါသည်။

IPCM